**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ဥက္ကဌ၊ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်းတည်ထောင်သည့် (၇၅) နှစ်ပြည့် နေ့ သို့ ပေးပို့သော သဝဏ်လွှာ

ကရင့်သက္ကရာဇ် - ၂၇၆၁ ခုနှစ်၊ ထေးကုလဆန်း (၅) ရက်

ခရစ်သက္ကရာဇ် - ဖေဖော်ဝါရီလ (၅) ရက် ၂၀၂၂ ခုနှစ်

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ နှင့် ကရင်အမျိုးသားအပေါင်းတို့**

ယနေ့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်**သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး** ကို စတင်တည်ထောင်သည့် (၇၅)နှစ် ပြည့်မြောက်သောနေ့ ဖြစ်ပါသည်။ ဤရက်နေ့တွင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ၏ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ နှင့် ကရင်အမျိုးသားများအားလုံး ကာယသုခ၊ စိတ်ဓါတ်သုခနှင့် ပြည့်စုံပြီး ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေးအဖွဲ့ငြိမ ရည်မှန်းချက်ပန်းတိုင်းသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် နိုင်ငံတပ်ဝှမ်းရှိ ကရင်တစ်မျိုးသားလုံး၏ ကိုယ်စား ရန်ကုန်မြို့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အဖွဲ့အစည်း၏ ရည်မှန်းချက်သည် ကရင်တစ်မျိုးသားလုံး ကိုယ်စား ရပ်တည်မှုနှင့် ဦးဆောင်ဦးရွက် ပြုပြီး ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေးမျှော်မှန်းချက် ပြည့်ဝစေရန် ဆောင်ရွက်လျက်ရှိသည်။ ကရင်အမျိုးသားအစည်းအရုံးသည် (၇၅)နှစ်တိုင်တိုင် ရပ်တည်နေနိုင်ပြီး ကရင်အမျိုးသားများ၏ လှုပ်ရှားမှုသမိုင်းတွင် သက်တမ်းအရှည်ဆုံး ရပ်တည်နေနိုင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအပေါင်းတို့**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင်အမျိုးသားအဖွဲ့အစည်း (၄)ဖွဲ့ ဖြစ်သည့် **ဒေါကလူအသင်း** (KNA)၊ **ဗုဒ္ဓဘာသာကရင်အမျိုးသားများအသင်း** (BKNA)၊ **ကရင်ဗဟိုအဖွဲ့ချုပ်** (KCO) နှင့် **ကရင်လူငယ်အစည်းအရုံး** (KYO) များ စုစည်းတည်ထောင်ခဲ့သောအဖွဲ့အစည်းဖြစ်သည်။ ၎င်း အဖွဲ့ (၄)ဖွဲ့ မှ ကရင်တစ်မျိုးသားလုံးကို ဦးစီးဆောင်ရွက်နိုင်ရန် ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေး မျှော်မှန်းချက်တို့ကို ယနေ့ထိတိုင် ကြိုးပမ်းတိုက်ပွဲဝင်လျက်ဖြစ်သည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအပေါင်းတို့**

ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး ရပိုင်ခွင့် နှင့် အခွင့်အရေးကို ငြိမ်းချမ်းသော နိုင်ငံရေးလမ်းစဉ်အတိုင်း ဆောင်ရွက်ခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကရင်တစ်မျိုးသားလုံးအား ကာကွယ်ရန်နှင့် ကရင်တစ်မျိုးလုံးသား၏ ရည်မှန်းချက်များအား ဖော်ဆောင်ရန်အတွက် ၁၉၄၉ ခုနှစ် ဇန္နဝါရီ (၃၁) ရက်နေ့တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် လက်နက်ကိုင်တော်လှန်ရေးအသွင်သို့ ကူးပြောင်းခဲ့ပါသည်။ ထို့ကြောင့် ကရင်တစ်မျိုးသားလုံးသည် ကရင်သမိုင်းကို အသက်၊ သွေးချွေး နှင့် ခန္ဓာများဖြင့် ရင်းခဲ့ရပါသည်။ အသက်၊ သွေးချွေး နှင့် ခန္ဓာများဖြင့် ရင်းခဲ့ရသော ကရင်သမိုင်းသည် ဘယ်သောအခါမှ

ဖျောက်ဖျက်ပျက်စီး၍ မရနိုင်ပါ။ ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တစ်မျိုးသား လုံး၏ နိုင်ငံရေး ရပ်တည်ချက်နှင့် နိုင်ငံရေးရည်မှန်းချက်များ ပြီးပြည့်စုံစေရန်အတွက် ယနေ့တိုင် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအပေါင်းတို့**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင်အမျိုးသားရေး လှုပ်ရှားမှုများကို ဦးဆောင်သည့် ကာလအတွင်းတွင် ခေါင်းဆောင်မှုများသော်လည်းကောင်း၊ မိမိအဖွဲ့အစည်းတွင်းသော်လည်းကောင်း၊ ကရင်လူထု အတွင်းသော်လည်းကောင်း အမျိုးမျိုးသော အခက်ခဲများနှင့် စိန်ခေါ်မှုများရှိခဲ့ပါသည်။ ကရင်တော်လှန်ရေး စတင်ချိန်တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးဦးဆောင်မှုကို ဖယ်ကြဉ်ပြီး ဒေသခံ ကြီးစိုး မှုများ ရှိနေခဲ့ပါသည်။ ထို့ကြောင့် ၁၉၅၆ ခုနှစ်တွင် ကရင်တော်လှန်ရေး ဒုတိယ လမ်းစဉ်ကို ချမှတ်ခဲ့ပြီး နိုင်ငံရေး နှင့် ကရင့်တော်လှန်းရေးကို ဦးဆောင်ရန်အတွက် (KNUP) နှင့် (KRC) တို့ကို ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေး လုပ်ငန်းများကို ဦးစီးဆောင်ရွက်ခဲ့ပါသည်။

ခေါင်းဆောင်များကြား နိုင်ငံရေးလမ်းစဉ်နှင့် တော်လှန်ရေးလမ်းစဉ်အများအပေါ် အမြင်သဘောထား ကွဲလွဲမှုများကြောင့် အသင်းကွဲဖွဲ့စည်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် လုပ်ဖော်ဆောင်ဖက်အချို့မှာ ယုံကြည်မှုများ ပျက်သုန်းလာခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်လာခြင်းကြောင့် လုပ်ငန်းများနှင့်တော်လှန်မှုများကို စွန့်လွှတ် ထွက်ခွါသူများလည်း ရှိပါသည်။ အချို့သောသူများသည် တော်လှန်ရေးအပေါ် ကိုယ်ကျိုးရှာ အမြတ်ထုတ် မှုများ၊ ခေါင်းဆောင်များ အကြား အာဏာအလွဲသုံးစားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ဤကဲ့သို့သော အခြေအနေများ ကြောင့် ခေါင်းဆောင်များ နှင့်လုပ်ဖေါ်ဆောင်ဖက်များအကြား အမြင်မတူမှုများကို ပြုပြင်ရန်အတွက် ကြိမ်ဖန်များ စွာ ကြိုးစားလုပ်ဆောင်ခဲ့ရပါသည်။ ထို့ကြောင့် နိုင်ငံရေးအခြေအနေများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံရေး မဟာဗျူဟာများ ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်မှုများ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအပေါင်းတို့**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ အဓိက ရည်ရွယ်ချက်သည် ကရင်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အမျိုးသား တန်းတူရေးအပြင် မတူကွဲပြားလျက်ရှိသော လူမျိုးတိုင်း၏ အခွင့်အရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များကို အပြည့်အဝ အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ပင် ဖြစ်ပါသည်။ အမျိုးသားတန်းတူရေးနှင့် အခွင့်အရေးအတွက် ဖော်ဆောင်ရာတွင် စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ တန်းတူအခွင့်အရေးရှိသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ အကောင်အထည်ဖော်ဆောင်ရန် အရေးကြီးသောအချက်ဖြစ်သည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ နှင့် ကရင်အမျိုးသားအပေါင်းတို့**

လက်ရှိအခြေအနေသည် စည်းစည်းလုံးလုံးနှင့် မိမိအမျိုးသားတို့၏ အာမခံချက်ရှိသည့် နိုင်ငံရေး ရပ်တည်ချက်နှင့် ဘဂ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတည်ဆောက်ရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ ကရင့်အမျိုးသားအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ အခန်းကဏ္ဍများတို့တွင် တစ်စုတစ်စည်းတည်းဖြင့် ညှိနှိုင်း လုပ်ဆောင်သွားနိုင်ရန် လိုအပ်ပြီး မိမိတို့၏ နေထိုင်ရာ နေရပ်ဒေသအသီးသီးတွင်သော်လည်းကောင်း၊ နိုင်ငံ အသီးသီးတွင်သော်လည်းကောင်း ကျရာအခန်းအဏ္ဍ အသီးသီးတို့မှ ကရင်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်း ချက်ပန်းတိုင်သို့ ပြည့်ဝ အောင်မြင်စေရန် မိမိတို့၏ ကျွမ်းကျင်ရာ အခန်းကဏ္ဍ အသီးသီးမှ **ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး**၏ ကြိုးပမ်းအားထုတ်မှုများ နှင့် ဆောင်ရွက်လှုပ်ရှားမှုများအပေါ် ပူးပေါင်းပါဝင်ကြရန် အထူးလိုအပ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင် များ နှင့် ကရင်အမျိုးသားအပေါင်းတို့**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တစ်မျိုးသားလုံးအတွက် ဖွဲ့စည်းတည်ထောင်ခဲ့သောကြောင့် ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွါးအတွက်လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် အစည်းအရုံးကြီး၏ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၏ ခံယူချက်နှင့် သဘောထားများသည် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ၏ ကံကြမ္မာအတွက်အရေးကြီးသောအချက်ဖြစ်သည်။ ထို့ကြောင့် စုပေါင်းခေါင်းဆောင်မှုဖြင့် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးရပ်တည်ချက်အပေါ် မိမိတို့ အနေဖြင့် ကျရာအခန်းကဏ္ဍ အသီးသီးမှ ပူးပေါင်းဆောင်ရွက်ပြီး ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေးရည်မှန်းချက်များ ပြီးမြောက်အောင်မြင်သည် အထိ ကြိုးပမ်းအားထုတ်သွားကြရန် မိမိအနေဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကြီး ဖွဲ့စည်းတည် ထောင်သော (၇၅)နှစ်ပြည့် အခါသမယတွင် ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် လုပ်ဖေါ်ဆောင်ဖက်အားလုံးကို ဆုမွန်ကောင်းတောင်းလျှက် တိုက်တွန်းမေတ္တာ ပို့သအပ်ပါသည်။

*********